# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 27, 2020 Volume 34, Number 18

**၂၇.၈.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၄၁ US$ |
| မြန်မာ့ရွှေဈေး | = ၁၂၉၉၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၅၉/- ကျပ် |
| CBM Rate | = ၁၃၄၄.၆ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၉၁.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၈၅.၃၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၇၈.၁၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၆၈.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၆.၀၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၅.၄၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၂၀၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၃.၆၀ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၂.၃၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၀၆၂ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ကိုဗစ်ကာလအတွင်း စင်ကာပူသို့ သရက်သီးတန်ချိန် ၁၀၀ ခန့် စမ်းသပ်တင်ပို့နိုင်



ကိုဗစ် – ၁၉ ဖြစ်ပွားနေသည့် ကာလအတွင်း စင်ကာပူနိုင်ငံသို့ မြန်မာ့သရက်သီးများကို တန်ချိန် ၁၀၀ ခန့် သင်္ဘောဖြင့် စမ်းသပ်တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ သရက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအစုအဖွဲ့ (မန္တလေးတိုင်း ဒေသကြီး) က သိရသည်။ "အရင်က သရက် သီးပေါ်တာနဲ့ တရုတ်ကို အများဆုံးပို့တယ်။ အခု တရုတ်မှာက ကိုဗစ်ကြောင့် အဝင်အထွက် သိပ်မလွယ်တဲ့အခါကျတော့ စင်ကာပူကို ပို့ဖြစ်တယ်။ အရင်ကလေယာဉ်နဲ့ပို့တယ်။ အခုရောဂါကြောင့် လေယာဉ်တွေပိတ်ထား တော့ သင်္ဘောနဲ့စမ်းသပ်တင်ပို့မှုက အောင်မြင်တယ်လို့ပြောလို့ရတယ်"ဟု အဆိုပါ အစုအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ပြောသည်။

ယခင်နှစ်များက စင်ကာပူနိုင်ငံသို့ သရက်သီးတန်ချိန် ၂၀ ကျော်သာ တင်ပို့နိုင်ခဲ့ပြီး ယခုနှစ် ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားသော်လည်း သင်္ဘောဖြင့်စမ်းသပ်တင်ပို့ခဲ့ရာ တန်ချိန် ၁၀၀ ခန့် တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့သရက်သီးမှာ ဧပြီလကုန်ကစ၍ ဇူလိုင်လနှင့် ဩဂုတ်လတို့အတွင်းထွက်ရှိပြီး ပြည်ပသို့ စိန်တလုံး၊ ရွှေဟင်္သာ၊ ရင်ကွဲ၊ မချစ်စု၊ ပတ္တမြားငမောက်တို့ကို အဓိကတင်ပို့ခြင်း ဖြစ်သည်။

ယခင်ကသရက်သီးရာသီတွင် တရုတ်နိုင်ငံသို့ တစ်ရက်လျှင် သရက်သီးတန်ချိန် ၁၀၀၀ အထိ တင်ပို့မှုရှိခဲ့ပြီး စင်ကာပူနိုင်ငံသို့ ၂၀၁၁ ခုနှစ်က စတင် တင်ပို့ခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။ "အခု စင်ကာပူနည်းတူ တရုတ်ကိုလည်း တန်ချိန် ၂၄ တန် လောက်ပို့လိုက်ရတယ်။ဈေးရရှိမှုကတော့ အကြီး၊ အသေးအပေါ်မူတည်ပြီး တစ်တန်ကို မြန်မာငွေကျပ် ၁၀ သိန်းကနေ ၁၇ သိန်းအထိဈေးရတယ်"ဟုဒေါ်သန်းသန်းဆွေက ထပ်မံပြောသည်။

ကိုဗစ်ကာလအတွင်း လူငယ်များသည် အွန်လိုင်းကတစ်ဆင့် သရက်သီးများ ရောင်းချခဲ့သည့်အတွက် သရက်သီးကဏ္ဍတွင် အများအပြားစိတ်ဝင်စားမှုရှိလာပြီး ရောဂါ အခြေအနေကြောင့် စီးပွားရေးလုပ်ငန်းအများစု စိုးရိမ်ရသည့် အနေအထား ရှိခဲ့သော်လည်း ပြည်တွင်းဈေးကွက်တွင် သရက်သီးရောင်းချမှုနှင့်ပတ်သက်၍ ဆိုးရွားစွာ ထိခိုက်မှုမရှိကြောင်းသိရသည်။ လက်ရှိတွင် မြန်မာ့သရက်သီးကို ပြည်ပနိုင်ငံများက စိတ်ဝင်စားမှုရှိသောကြောင့် ဒူဘိုင်း၊ အင်္ဂလန်နိုင်ငံနှင့်အခြားနိုင်ငံများက မှာယူမှုများရှိပြီး လာမည့် သရက်ရာသီများ၌လည်း ပြည်ပတင်ပို့မှုအလားအလာကောင်းနိုင်ကြောင်း မြန်မာနိုင်ငံ သရက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့ထံမှသိရသည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်**

https://www.facebook.com/sitepyo/

## မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ချောမွေ့သောကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မြန်မာ-တရုတ် နှစ်နိုင်ငံအကြားချောမွေ့သော ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးကို ဩဂုတ် ၂၅ ရက်တွင် မြန်မာနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOFCOM)၊ အာရှရေးရာဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့တို့က Video Conferencing စနစ်ဖြင့်ကျင်းပခဲ့သည်။ အစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းနှင့် ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ ရန်ကုန်မြို့ရှိ တရုတ်နိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Tan Shufu နှင့် ကိုယ်စားလှယ်သုံးဦးတို့သည် နေပြည်တော်မှလည်းကောင်း၊ တရုတ်နိုင်ငံဘက်မှ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOFCOM)၊ အာရှရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Yang Weiqun နှင့် ကိုယ်စားလှယ် (၁၂) ဦးတို့သည် ပေကျင်းမြို့မှလည်းကောင်း Video Conferencing စနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် နယ်စပ်ဒေသ၌ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ရေး၊ နယ်စပ်ကုန်သွယ်မှု အများဆုံးဆောင်ရွက်လျက်ရှိသည့် မူဆယ်-ရွှေလီဒေသ၌ ယာဉ်ကြောကျပ်တည်းမှုအား နှစ်ဖက်အတူတကွပူးပေါင်းဖြေရှင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသမှ ဆန်၊ ပြောင်း၊ သစ်သီးဝလံများနှင့်ရေထွက်ကုန်များ ပိုမိုလျင်မြန်စွာတင်ပို့နိုင်ရေးအတွက် အဓိကတာဝန်ယူဆောင်ရွက်နေသည့် ယူနန်ပြည်နယ်နှင့် အနီးကပ်ညှိနှိုင်းဆောင်ရွက်ရေး၊ ဘိန်းအစားထိုးသီးနှံနှင့်ပတ်သက်၍ နှစ်နိုင်ငံအကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-တရုတ်နှစ်နိုင်ငံအကြား စီးပွားရေးနှင့်ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုများအတွက် ငါးနှစ်ဖွံ့ဖြိုးမှုစီမံကိန်း ( Five-Year Development Program for Economic and Trade Coopera-tion) အား နှစ်ဖက်သက်ဆိုင်ရာဌာနများမှ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ဒေသတွင်းကုန်သွယ်မှုအတွက် ထောက်ပံ့ပို့ဆောင်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် မြန်မာနိုင်ငံမှထွက်ရှိသည့် လယ်ယာထွက်ကုန်ပစ္စည်းများ၊ သစ်သီးဝလံများနှင့်ရေထွက်ကုန်ပစ္စည်းများ လွယ်ကူစွာတင်ပို့နိုင်ရန်အတွက် နှစ်နိုင်ငံအကြားဆောင်ရွက်လျက်ရှိသည့် ရောဂါပိုးမွှားကင်းစင်ရေးဆိုင်ရာ သဘောတူစာချုပ်များ အမြန်ဆုံးလက်မှတ်ရေးထိုးနိုင်ရေး၊ မြန်မာနိုင်ငံမှတင်ပို့လိုသည့် ကုန်စည်အမယ်အသစ်များအား ဦးစားပေးအမယ်အလိုက်စာရင်းပြုစု၍ တရုတ် နိုင်ငံ၊ GACC သို့ ပေးပို့သွားရန်နှင့် GACC မှ အမြန်ဆုံး ဦးစားပေးဆောင်ရွက်သွားရန်ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြားသဘောတူထားပြီးဖြစ်သည့် ဟိုဆောင်အမှတ်(၄)ဂိတ်နှင့် ကျိန်စမ်းကျော့ (မန်းမန်-နွမ်းရင်) ဂိတ်တို့အား အပြန်အလှန်ဖွင့်လှစ်နိုင်ရေး၊ နယ်စပ်ဂိတ်အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးပြီးစီးရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုပိုမိုတိုးတက်စေရေးအတွက် 3rd CIIE, 17th CAEXPO အပါအဝင် ကုန်စည်ပြပွဲများကို ပူးပေါင်းဆောင်ရွက်သွားရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်စေရေးအတွက် နှစ်ဖက်ကုန်သည်များအကြား တွေ့ဆုံညှိနှိုင်းဆောင်ရွက်သွားရန်၊ ကုန်သွယ်မှုဆိုင်ရာညှိနှိုင်းအစည်းအဝေးများအား အပြန်အလှန်ကျင်းပရေး၊ နှစ်နိုင်ငံအကြား e-Commerce ဆိုင်ရာ MOU တစ်ရပ် အား မြန်မာနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့အကြား လက်မှတ်ရေးထိုးနိုင်ရေးနှင့် မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့အကြား ဘဏ်ငွေကြေးဆိုင်ရာလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးအတွက် သက်ဆိုင်ရာဗဟိုဘဏ်များအကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကိုလည်း အသေးစိတ်ဆွေးနွေးခဲ့ကြပြီး ဒုတိယအကြိမ်အစည်းအဝေးကို ၂၀၂၁ ခုနှစ် မတ်လအတွင်း ကျင်းပဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

ယခုအစည်းအဝေးကျင်းပရခြင်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၁၇ ရက်မှ ၁၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတရှီကျင့်ဖျင် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် လာရောက်သည့်ကာလအတွင်း ဇန်နဝါရီ ၁၈ ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOFCOM) ဝန်ကြီး Mr. Zhong Shan တို့ လက်မှတ်ရေးထိုးခဲ့ကြသော ချောမွေ့သောကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာအရဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## လေးလအတွင်း ပို့ကုန်သွင်းကုန် လိုင်စင်စောင်ရေ ဒေါ်လာ ၅ ဘီလီယံကျော်ဖိုးထုတ်ပေးခဲ့

အွန်လိုင်းစနစ်ဖြင့် လေးလအတွင်း ပို့ကုန်သွင်းကုန် လိုင်စင်စောင်ရေ ၁၅၀၀၀ ကျော် တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၅ ဒသမ ၂၅ ဘီလီယံကျော်ဖိုးအား ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှသိရသည်။ COVID-19 အရေးပေါ်ကာလအတွင်း ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရန်အတွက် ပြီးခဲ့သည့် ဧပြီလ ၁ရက်မှစတင်၍ ပို့ကုန်သွင်းကုန်လိုင်စင် ပါမစ်များအား အွန်လိုင်းစနစ်ဖြင့် တိုးချဲ့ထုတ်ပေးလျက်ရှိရာ ဇူလိုင်လ ၃၁ ရက်အထိ (၄)လတာကာလအတွင်း ပို့ကုန်သွင်းကုန် လိုင်စင်စောင်ရေ (၁၅၃၆၂)ကို ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်းသိရသည်။

အဆိုပါထုတ်ပေးမှုများအနက် ဆေးနှင့်ဆေးပစ္စည်းကုန်ကြမ်း လိုင်စင်များအတွက် သွင်းကုန်လိုင်စင်ကြေးကင်းလွတ်ခွင့်ပြုထားပြီးဖြစ်သကဲ့သို့ ဆေးနှင့်ဆေးပစ္စည်းလိုင်စင်လျှောက်ထားရာတွင် Item တစ်ခုချင်းအလိုက် ပူးတွဲတင်ပြရသည့် အထောက်အထားအများအပြားရှိသည့်အတွက် Item အရေအတွက်ကို ကန့်သတ်ခြင်းမပြုဘဲ ပူးတွဲတင်ပြရသည့် အထောက်အထားများအား လိုင်စင်တစ်စောင်တွင်သတ်မှတ်ထားသည့် ပူးတွဲတင်ပြနိုင်သည့် Attachement တစ်ခုလျှင် (5)Mb နှုန်းဖြင့် Attachement (၁၀)ခု (50) MB အထိအကျုံးဝင်သည့် Item အကြောင်းရေအား ဌာနမှလျှောက်ထားခွင့်ပြုထားပြီးဖြစ်ကြောင်းသိရသည်။

လက်ရှိမြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နေရာအနှံ့အပြားတွင် Covid-19 ရောဂါပျံ့ပွားလျက်ရှိသောကြောင့် ဝန်ကြီးဌာနမှ ထုတ်ပေးဆောင်ရွက်လျက်ရှိသည့် ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားမှုအား ဧပြီတစ်ရက်မှစတင်၍ အွန်လိုင်းမှ လျှောက်ထားခြင်း ၊ ထုတ်ပေးခြင်းလုပ်ငန်းစဉ်များကို စတင်ခွင့်ပြုဆောင်ရွက်ပေးခြင်းဖြစ်သည်။ ထို့ကြောင့် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ရုံးဌာနသို့ လာရောက်ရန်မလိုဘဲ အင်တာနက်ရရှိသည့် မည်သည့်နေရာတွင်မဆို လိုင်စင်လျှောက်ထားခြင်း၊ ငွေကြေးပေးသွင်းခြင်း ၊ လိုင်စင်ပြန်လည်ထုတ်ယူခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယခင်ထုတ်ပေးဆောင်ရွက်လျက်ရှိသည့် CMP(အထည်ချုပ်) သွင်းကုန်လိုင်စင်များအပြင် ၊ လျှောက်ထားမှုအရေအတွက်အများဆုံးဖြစ်ပြီး ပြည်သူလူထုအတွက်လိုအပ်မည့် ပစ္စည်းများ သွင်းကုန်ပစ္စည်းများဖြစ်သည့် ဆေးနှင့်ဆေးပစ္စည်းများ ၊ ဆေးရုံသုံးစက်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဓာတ်မြေဩဇာ ၊ စားအုန်းဆီနှင့်ဆီထွက်ကုန်ပစ္စည်းများ၊ နို့နှင့်နို့ထွက်ပစ္စည်းများ၊ အီလက်ထရောနစ်ပစ္စည်းများ၊ စွမ်းအင်သုံးပစ္စည်းများ၊ ချောဆီ၊ ဆိုင်ကယ်စက်ဘီးများနှင့် ပို့ကုန်အတွက် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ၊ ခဲသတ္တု ၊ သကြား ၊ သဘာဝဓာတ်ငွေ့များအပါအဝင် အခြားသွင်းကုန်ပို့ကုန်ပစ္စည်း စုစုပေါင်း ၁၅၃၆၂ မျိုးကို ထုတ်ပေးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ လိုင်စင်များအတွက် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် မြန်မာ့ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းရေးစနစ် (MACCS)စနစ်သို့ အီလက်ထရောနစ်ဒေတာဖြင့် ဆက်လက်ချိတ်ဆက်ပေးပို့သွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/fifthwavenews/posts/733861777344549?__tn__=K-R

## ပြောင်းဖူးလှိုင်လှိုင်ပေါ်သည့် ရာသီချိန်ဖြစ်သော်လည်း ကြားပွဲစားများ လာရောက်ဝယ်ယူမှုနည်းပါး၍ ဈေးနှုန်းကျဆင်း



လက်ရှိတွင် ပြောင်းဖူးလှိုင်လှိုင်ပေါ်သည့် ရာသီချိန်ဖြစ်သော်လည်း ကြားပွဲစားများ လာရောက်ဝယ်ယူမှု နည်းပါးနေခြင်းကြောင့် ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း နေပြည်တော်ရှိ ပြောင်းစိုက်တောင်သူများထံမှ သိရသည်။ "နှစ်တိုင်း ပြောင်းဖူးပေါ်ချိန်ဆိုရင် ကြားပွဲစားတွေက အလုအယက် ဝယ်ယူကြတယ်။ ကြိုပေးငွေလည်း များများပေးပြီး စရန်ချကြတယ်။ ဒီနှစ်တော့ စရန်ချတာနည်းသလို တချို့ပွဲစားတွေဆိုရင် စရန်တောင်မချကြတော့ဘူး။ စားပြောင်းဖူး၊ ပြောင်းဖူးချိုနဲ့ သကြားပြောင်းဖူးဆိုရင် အရင်နှစ်ကလို ဈေးမကောင်းဘူး။ လက်ကားဈေး ပြောင်းဖူးတစ်ဖူးကို ငွေကျပ် ၈၀ ကနေ ၉၀ အများဆုံးရှိတယ်"ဟု နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ ပြောင်းစိုက်တောင်သူ ဒေါ်သန်းရီကပြောသည်။

ယခုနှစ်တွင် ပြည်တွင်း ပြောင်းဖူးအထွက်နှုန်း တစ်ဧကလျှင် လှည်းခြောက်စီးတိုက်ခန့်ရှိပြီး အထွက်နှုန်း ကောင်းသော်လည်း ဈေးကောင်းမရ၍ တွက်ခြေမကိုက်ကြောင်း၊ ပွဲစားများက အခင်းပြတ် ဝယ်ယူမှုမရှိဘဲ ပြောင်းဖူးအရွယ်အစားပေါ်လိုက်၍ ဈေးပေးဝယ်ယူခြင်းကြောင့် အခက်ကြုံရကြောင်းသိရသည်။ ထွက်ရှိလာသည့် ပြောင်းဖူးများကို မြင်းခြံ၊ ညောင်ဦး၊ ပခုက္ကူ၊ ပုဂံ၊ ကျောက်ပန်းတောင်းနယ်ဘက်မှ ပွဲစားများက လာရောက်ဝယ်ယူကြပြီး ဆင်စခန်းများမှလည်း ဆင်စာအတွက် ဝယ်ယူကြကြောင်း သိရသည်။

ရန်ကုန်- မန္တလေး ပြောင်းဖူးပွဲစားများ လာရောက်ဝယ်ယူရာ၌ တစ်ကြိမ်တွင် ပြောင်းဖူးအဖူးရေ ၁၀၀၀၀ မှ ၃၀၀၀၀ အထိ ဝယ်ယူလေ့ရှိပြီး ယခုလအတွင်း ပြောင်းဖူးလှိုင်လှိုင်ပေါ်ချိန်တွင် ပြောင်းဖူးတစ်ဖူးလျှင် ငွေကျပ် ၉၀ ဖြင့် ရောင်းချနေရကာ ပြောင်းဖူးဈေး ကျဆင်းနေကြောင်း သိရသည်။

**Source:** https://myawady.net.mm/node/1116

## တစ်ဒေါ်လာ ၁,၃၅၇ ကျပ်သို့ ကျဆင်း

ပြည်တွင်းငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုးကျဆင်းလာပြီး ဩဂုတ် ၂၆ ရက် နံနက်တွင် တစ်ဒေါ်လာ ၁,၃၆၄ ကျပ်ဈေးဖွင့်ခဲ့ပြီးနောက် မွန်းလွဲပိုင်းတွင် တစ်ဒေါ်လာ ၁,၃၅၇ ကျပ်သို့ ကျသွားသည်။ ပြင်ပငွေကြေးဈေးကွက်တွင် ဒေါ်လာအရောင်းအဝယ် လုပ်ကိုင်သူမရှိကြောင်း ငွေလဲလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကပြောသည်။

ယခုရက်ပိုင်းတွင် ပြည်တွင်းငွေကြေးဈေးကွက်၌ ဒေါ်လာတန်ဖိုး အတက်အကျများခြင်းကြောင့် ဘဏ်များ၏ ငွေလဲကောင်တာများတွင် ဒေါ်လာရောင်းဈေးနှင့်ဝယ်ဈေးကို တစ်ဒေါ်လာလျှင် ၂၅ ကျပ်ဈေးခွာပြီး ဖွင့်လှစ်ထားသည်။ ပြည်တွင်းဘဏ်များသည် အဝယ်ဈေးကို ဩဂုတ် ၂၆ ရက် မွန်းလွဲပိုင်းတွင် တစ်ဒေါ်လာ ၁,၃၄၂ ကျပ် သတ်မှတ်သည်။ ဗဟိုဘဏ်၏ လေလံဈေးနှုန်းကလည်း တစ်ဒေါ်လာလျှင် ၁,၃၅၅ ကျပ်သတ်မှတ်သည်။ ငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုး မတည်မငြိမ်ဖြစ်နေချိန်တွင် ဗဟိုဘဏ်က လေးရက်အတွင်း ဒေါ်လာ ၉ ဒသမ ၄ သန်း ဝယ်ယူခဲ့သည်။

**Source:** https://7day.news/detail?id=196940

## ဟံသာဝတီလေဆိပ်စီမံကိန်းကို ဂျပန်နိုင်ငံအကူအညီဖြင့် စတင်ဆောင်ရွက်

အချိန်ကြာရပ်ဆိုင်းထားသည့် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်းကို ဂျပန်နိုင်ငံအကူအညီဖြင့် စတင်ဆောင်ရွက်ပြီဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ဩဂုတ် ၂၆ ရက်တွင် ထုတ်ပြန်သည်။ စီမံကိန်းပထမအဆင့်ကို ၂၀၂၇ တွင် အပြီးဆောင်ရွက်မည်ဖြစ်၍ စီမံကိန်း ကနဦးဖြစ်နိုင်ခြေများကို ဩဂုတ် ၁၈ ရက်တွင် စတင်လေ့လာနေပြီဟု ထုတ်ပြန်သည်။ စီမံကိန်းကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ လေကြောင်းပို့ ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ အကူအညီဖြင့် ပဲခူးမြို့အနောက်ဘက်ခြမ်းတွင် ဆောင်ရွက်ခြင်းဖြစ်သည်။

ထိုစီမံကိန်းတည်ဆောက်ရခြင်းမှာ ပြည်တွင်း၊ ပြည်ပခရီးသွား များပြားလာစေရန်၊ ကုန်စည်ပို့ဆောင်ရေး ပိုမိုလုပ်ဆောင်နိုင်ရန်နှင့် ဒေသစီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်လာစေရန်ဖြစ်သည်ဟု အဆိုပါဦးစီးဌာနကထုတ်ပြန်သည်။ လေဆိပ်စီမံကိန်းနှင့်အတူ လမ်းအသစ်များ၊ ရေဆိုးသန့်စင် စက်ရုံ၊ ရေပေးဝေရေးစနစ်၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းစဉ်များ ပါဝင်မည်ဟုဆိုသည်။ ထိုစီမံကိန်းအတွက် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလေ့လာခြင်းကို JICA Study Team နှင့် ပြည်တွင်းပတ်ဝန်းကျင် အကြံပေးအဖွဲ့ Total Business Solution တို့က ဆောင်ရွက်မည်ဖြစ်ပြီး အစီရင်ခံစာမူကြမ်းကို လာမည့်အောက်တိုဘာတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနထံ တင်ပြမည်ဟုဆိုသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ခရီးသည်ဝင်ရောက်မှု အကန့်အသတ်ရှိပြီး ပြေးလမ်းတစ်ခုသာရှိ၍ လေယာဉ်ကြီးဆင်းသက်ရန် အခက်အခဲရှိသဖြင့် နိုင်ငံတကာလေဆိပ် အသစ်တည်ဆောက်ရန် လိုအပ်ခြင်းဖြစ်သည်။ ဦးသိန်းစိန် အစိုးရလက်ထက်တွင် ပဲခူးမြို့ ကျောက်တိုင်ရွာအနီး ဂျပန်ခေတ်လေဆိပ်သဖွယ်အသုံးပြုသော မြေဧက ၉၀၀ ကျော်၌ ဟံသာဝတီလေဆိပ်အသစ် အကောင်အထည်ဖော်ရန်စီစဉ်ခဲ့သည်။

စီမံကိန်းကို ဂျပန် JGC ကုမ္ပဏီ၊ စင်ကာပူမှ Yongnam Holdings ကုမ္ပဏီနှင့် Changi Airport International ကုမ္ပဏီ သုံးခုပေါင်း အစုရှယ်ယာပိုင်သည့် စီးပွားရေးလုပ်ငန်းစုကြီးက ၂၀၁၄ အောက်တိုဘာတွင် တင်ဒါရရှိခဲ့သည်။ ထိုတင်ဒါအောင်ထားမှု သဘောတူညီချက်သက်တမ်းသည် ၂၀၁၈ ဇန်နဝါရီ၌ ကုန်ဆုံးခဲ့သည်။ ဟံသာဝတီလေဆိပ်စီမံကိန်း အကောင်အထည်ဖော်ရန် မြန်မာအစိုးရနှင့် သဘောတူညီချက် သက်တမ်းကုန်ဆုံးပြီဖြစ်သော်လည်း ညှိနှိုင်းမှုအဆင်မပြေ၍ သက်တမ်းမတိုးနိုင်သေးကြောင်း စင်ကာပူ Yongnam Holdings ကုမ္ပဏီက ၂၀၁၈ ဖေဖော်ဝါရီတွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

**Source:** https://7day.news/detail?id=196938

## ကိုဗစ်ကြောင့် မန္တလေး ကျောက်ဝိုင်း ပြန်ပိတ်

ပြည်တွင်းကူးစက်မှု ပြန်လည်တွေ့လာပြီးနောက် ကိုဗစ်ကာလအတွင်း အကန့်အသတ်ဖြင့်ဖွင့်ခွင့်ပြုထားသော မန္တလေး ကျောက်ဝိုင်းကို ယနေ့တွင် ပြန်လည်ပိတ်သွားမည်ဟု မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်ကပြောသည်။ မန္တလေးတွင် ကူးစက်မှုမရှိသေးသော်လည်း ကြိုတင်ကာကွယ်ရမည်ဖြစ်ကာ လတ်တလော၌ "ဈေးတွေ၊ အဝေးပြေးကားဝင်းတွေ၊ လမ်း Check Point တွေမှာ Mask မတပ်သူတွေကို ဒဏ်ကြေးအနေနဲ့ ၅,၀၀၀ ကျပ် သတ်မှတ်ပြီး Homemade Mask သုံးခု ပြန်ပေးနေတာ တောင် ဂရုမစိုက်သူတွေ ရှိနေပါသေးတယ်"ဟု မြို့တော်ဝန်ကဆိုသည်။

စည်းကမ်းကြပ်မတ်မှုများအား ကိုဗစ်ပြည်တွင်းကူးစက်မှုအပေါ်မူတည်ကာ ကန့်သတ်ချက်များ တစ်ဆင့်ပြီးတစ်ဆင့် တိုးလာနိုင်သဖြင့် ပြည်သူများ စိတ်ရှည်သည်းခံ၍ စည်းကမ်းလိုက်နာကြရန် မြို့တော်ဝန်ကဆိုသည်။

**Source:** https://7day.news/detail?id=196966

## မြန်မာ့ရွှေဈေး ၂ ရက်အတွင်း တစ်ကျပ်သားကို ကျပ် ၁၇,၀၀၀ အထိပြုတ်ကျ

မြန်မာ့ရွှေဈေးသည် တစ်ကျပ်သားကို ကျပ် ၁,၃၁၀,၀၀၀ မှ ၁,၂၉၃,၀၀၀ အထိ ၂ ရက်အတွင်း ကျပ် ၁၇,၀၀၀ ဈေးပြုတ်ကျခဲ့ကြောင်း မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းက ဆင်ဟွာသို့ ယနေ့ ဩဂုတ် ၂၆ ရက်တွင် ပြောကြားခဲ့သည်။ ရန်ကုန်မြို့၊ ပန်းပဲတန်းမြို့နယ်၊ ၂၉ လမ်းအောက်ဘလောက်ရှိ ကောင်းစံရွှေဆိုင်ပိုင်ရှင် ဦးမျိုးကျော်ကျော်က "မြန်မာ့ရွှေဈေးရက်ပိုင်းအတွင်းကျတာက COVID-19 ရောဂါသတင်းတွေကြောင့်ရော၊ ကမ္ဘာ့ရွှေဈေးကျတာကြောင့် ဈေးကျသွားတာပါ။ ဆက်ပြီး ကျရိပ်ရှိနေပါတယ်" ဟုဆိုသည်။

ဩဂုတ် ၂၄ ရက်က ကမ္ဘာ့ရွှေဈေးတစ်အောင်စလျှင် ၁,၉၃၃ ဒေါ်လာရှိပြီး၊ မြန်မာ့ရွှေဈေးတစ်ကျပ်သားလျှင် ၁,၃၁၀,၀၀၀ ပေါက်ဈေးရှိခဲ့သည်။ ယနေ့ ဩဂုတ် ၂၆ ရက်တွင် ကမ္ဘာ့ရွှေဈေးတစ်အောင်စလျှင် ၁,၉၁၇ ဒေါ်လာရှိပြီး၊ မြန်မာ့ရွှေ တစ်ကျပ်သားလျှင် ၁,၂၉၃,၀၀၀ ပေါက်ဈေးရှိခဲ့ကြောင်းသိရသည်။ လက်ရှိတွင် COVID-19 ကြောင့် ရွှေဈေးကျသော် ရွှေဆိုင်များတွင် ရွှေပြန်ရောင်းသူများ ယခင်ထက်ပိုများလျက်ရှိကြောင်းသိရသည်။

**Source:** https://xinhuamyanmar.com/business/local/29227-2020-08-26-11-07-01

## စပ်မျိုးပြောင်းစီးစိုက်တောင်သူများ တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်ရောင်းချရာတွင် တွက်ချေကိုက်နေ



စပ်မျိုးပြောင်းစီးစိုက်တောင်သူများ ပြောင်းဖူးအစိုရောင်းချခြင်းထက် ပြောင်းဖူးစေ့ကြော်၍ တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ပြောင်းလဲရောင်းချရာတွင် အကျိုးအမြတ်ပိုရ၍ တွက်ချေကိုက်နေသည်။

သိပ္ပံပြောင်း (စပ်မျိုးပြောင်းစီး) ကို တစ်ဧက ၅ ထုတ်စိုက်ပြီး တစ်သီးပြီးတာနဲ့ နောက်တစ်သီး ထပ်စိုက်ဖို့အဆင်သင့်လုပ်ထားတာ။ သက်တမ်းကလည်း အဖူးခူးချိန်အပြီးအစီးမှ ၃ လလောက်ပဲဆိုတော့ တစ်နှစ်လုံးကို ၄ သီးလောက် စိုက်လို့ရတယ်။ အရင်က ပြောင်းဖူးချိုးချိန်ဆို မျိုး ၂ ထုတ်စာလောက်ပဲ

ချိုးရောင်းလို့ကုန်တာ။ ကျန်တာတွေက အဲ့ချိန်ကျတော့ ရင့်ပြီး ခြောက်ကုန် ကြတာ။ အဲ့တော့ အစေ့ခြောက်စျေးနဲ့ဆို တစ်တင်း ၂၀၀၀၀ လောက်နဲ့ရောင်းရတယ်။ ဒါပေမယ့် အစေ့ခြောက်တွေက စျေးအတော်ကျသွားတာတွေရှိသလို တချို့နှစ်တွေဆို အဝယ်မရှိလို့ တပို့ပို့နဲ့ရောင်းမထွက်ဘူး။ ဒီနှစ်တော့ ပြောင်းဖူးစေ့ ကြော်ပြီးမှရောင်းတော့ အရောင်းလည်းသွက်သလို စျေးလည်း ရတော့ အတော်တွက်ချေကိုက်သွားတယ်ဟု ဆွာမြို့နယ်တွင်း ဆွာတောင်ကန်းကျေးရွာမှ တောင်သူဦးခင်မောင်ဆန်းက ပြောသည်။

စပ်မျိုးပြောင်းဖူးစေ့အခြောက်ကို ကြော်ပြီးရောင်းချရာမှာ စျေးကွက်ကောင်း၍ အဝယ်လည်းနယ်စုံရှိသည်။ ပြောင်းဖူးစေ့ကြော်၏အရသာကို ကြိုက်နှစ်သက်မှုကြောင့် ရန်ကုန်၊ မန္တလေးဘက်တွေကပါ ဆက်သွယ်ဝယ်ယူလာကြောင်းသိရသည်။ ပြောင်းဖူးစေ့အခြောက်ကိုရောင်းရင် တစ်တင်းမှ ၂၀၀၀၀ ပဲရတာလေ။ “အဲ့တစ်တင်းကို ကြော်လိုက်ရင် ပြောင်းဖူးကြော် ၅၂ ပြည်တောင်ထွက်တယ်။ တစ်ပြည်ကို အိမ်ထိလာဝယ်တဲ့စျေးက ၁၀၀၀ ရတယ်။ အဲ့မှာပဲ ဆီးဖိုးဘာညာထုတ်လိုက်ရင်တောင် အခြောက်စျေးထက် ပိုရတာကို။ ဒါပေမဲ့ အန်တီတို့ကိုယ်တိုင် သွားရောင်းရင် တစ်ပြည်ကို ၂၀၀၀ ရတယ်။ အစေ့ခြောက် တစ်တင်းရောင်းရင် ၂၀၀၀၀ ပဲရမယ်လေ။ ခုလိုကြော်ပြီးမှရောင်းတော့အခြောက်တစ်တင်းက တစ်သိန်းနှုန်းလောက်ရတာ။ အဲ့တည်းက တစ်ရွာလုံး ကြော်ပြီးမှ ရောင်းကြတော့တာပဲ။ အဝယ်ကလည်းရှိတယ် ရွာထိလည်း လာဝယ်ကြသလို တချို့ဆို ရန်ကုန်ဘက်ကမှာလို့ စုပြီးကားတင်းပို့ပြီးတောင်ရောင်းကြတယ်။ တချို့က ရွာထဲမှာစုကောက်လိုက်ပြီး ပျဉ်းမနား အာဟာရသုခစျေးမှာသွားရောင်းတာ....ရောင်းရတယ်” ဟု တောင်သူဦးခင်မောင်ဆန်း၏ ဇနီးဒေါ်နွဲ့ရည်ဝင်းက ဆက်ပြောသည်။

ပြောင်းဖူးစေ့ကြော်၏စျေးကွက်မှာ လော၊ ပျဉ်းမနားတို့၌ တစ်ပြည်ကို ၂၀၀၀ ကျပ်မှ ၂၈၀၀ ကျပ်အထိပေါက်စျေးရကြောင်း သိရသည်။ ထို့ပြင် ရန်ကုန်၊ မန္တလေးဘက်မှလည်း အဝယ်များဆက်လက်ရှိနေသည်။

**Source:** https://greenwaymyanmar.com/posts/value_added_product_of_corn

## မော်တော်ယာဉ်မူဝါဒအပြောင်းအလဲများနှင့်အတူ ကားရောင်းအဝယ်အေးနေ




ပြည်တွင်းကားစျေးကွက်ထဲမှာတော့ အရောင်းအဝယ်အေးနေပြီး မော်တော်ယာဉ်မူဝါဒအပြောင်းအလဲတွေကို စောင့်ကြည့်နေတဲ့ အနေအထားတွေရှိနေတယ်လို့ ပြည်တွင်းကားအရောင်းအဝယ် လုပ်ငန်းရှင်အချို့ကပြောပါတယ်။ ပြည်တွင်းကားအရောင်းအဝယ် စျေးကွက်အခြေအနေနဲ့ပတ်သတ်ပြီး စွယ်တော်ကားအရောင်းပြခန်း မန်းနေဂျင်း ဒါရိုက်တာ ဦးမျိုးဇင်ဝင်းကအခုလိုပြောပါတယ်။

“ပြည်တွင်းကားစျေးကွက်အခြေအနေကတော့ အခုလက်ရှိက အေးစက်နေတယ်။ အရောင်းအဝယ်တွေ နှေးနေတယ်။ အဓိကတော့ သတင်းပါဘဲ။ အခုအခွန်လျှော့လိုက်တယ်။ လျှော့လိုက်ပြီးမကြာခင်မှာဘဲ ဝန်ထမ်းပါမစ်က ထွက်လာမယ်ဆိုတာတွေကရှိနေတော့ ထွက်ရင်လည်းထွက် မထွက်ရင်လည်းမထွက်ပေ့ါ အဲအပေါ်မှာမူတည်ပြီး အရောင်းအဝယ်က ပြန်ပြီးတော့ လည်ပတ်လိမ့်မယ်ထင်တယ်။ ဘာလို့လဲဆိုတော့ လက်ရှိသတင်းတစ်ခုအနေနဲ့လူတွေက ပိုပြီးတော့များစျေးကျဦးမလား ဘာဖြစ်ဦးလဲ ဆိုတဲ့အတွေးတွေနဲ့ တစ်ချို့စောင့်နေကြတဲ့ လူတွေကရှိနေတယ်။ ရောင်းအားနည်းနည်းတော့ကျသွားတယ်။ လုံးဝမရောင်းရတဲ့ အနေအထားတော့ မဟုတ် ပါဘူး” လို့ စွယ်တော်ကားအရောင်းပြခန်း မန်နေဂျင်း ဒါရိုက်တာ ဦးမျိုးဇင်ဝင်းကပြောပါတယ်။

ပြီးခဲ့တဲ့အပတ်ကလည်း မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်းနဲ့ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးတို့ တွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်ခဲ့ပါတယ်။ ပြည်ပမှတင်သွင်းလာတဲ့ ကားတွေအပေါ်မှာ လျှော့ချကောက်ခံမယ့် ကညနအခွန်နှုန်းထားတွေကြောင့် မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံပြီး ကားထုတ်လုပ်နေတဲ့ ဂျပန်ကားကုမ္ပဏီတွေနဲ့ ထုတ်လုပ်ဖို့ပြင်ဆင်နေတဲ့ ကားကုမ္ပဏီတွေအပေါ် သက်ရောက်နိုင်တာတွေနဲ့ပတ်သတ်ပြီးဆွေးနွေးခဲ့တယ်လို့ မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းကပြောပါတယ်။ “ဂျပန်ကတော့ သူတို့ပြည်ပကနေလာပြီးတော့ ရင်းနှီးမြှုပ်နှံမှုလုပ်နေတဲ့ ကားထုတ်နေတဲ့ကုမ္ပဏီတွေရှိတယ်။ အဲလူတွေက

အခုမူဝါဒအပြောင်းအလဲကြောင့် သူတို့အပေါ်သက်ရောက်မှုဘယ်လိုရှိလဲ အဲဒီဟာကို အဓိကထားပြီးဆွေးနွေးတယ်။ အခွန်လျှော့ပေးလိုက်တဲ့အတွက်ကြောင့် သူတို့ကိုဘယ်လောက်ထိခိုက်မလဲဆိုတာပေါ့ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ထိခိုက်မှုရှိတဲ့ဟာကို သူတို့ကဆွေးနွေးတယ်။ နောက်ပြီး မူဝါဒမတည်ငြိမ်တဲ့ကိစ္စပေါ့ မူဝါဒအပြောင်းအလဲရှိမယ်ဆိုရင်တော့ ရေရှည်ကျွန်တော်တို့က ဘယ်လိုသွားကြမလဲ။ ပြည်တွင်းမှာ ထုတ်လုပ်တဲ့သူတွေကို ဘယ်လိုမျိုးအကာအကွယ်ပေးမလဲဆိုတာတွေဆွေးနွေးတယ်။ မူဝါဒမတည်ငြိမ်ဘူးဆိုရင်တော့ ရင်းနှီးမြှုပ်နှံမှုတွေ ရပ်စဲသွားနိုင်တယ် နောက်ပြီး ဝယ်မယ့်သူတွေကလည်း လက်တွန့်သွားနိုင်တယ်ဆိုတာကိုဆွေးနွေးတယ်။ လက်ရှိက အခုပြည်ပကသွင်းတဲ့ကားတွေ အခွန်လျှော့ပေးတဲ့အတွက် ပြည်တွင်းမှာထုတ်လုပ်တဲ့သူတွေအတွက်က သက်သာမှုမရရင်တော့ ပြည်ပကဘဲသူတို့သွင်းတော့မှာပေါ့။ လောလောဆယ်လုပ်နေတဲ့ တိုယိုတာကုမ္ပဏီဆိုရင်လည်း ဆက်လုပ်မလုပ် ဒီအပေါ်မှာမူတည်တယ်" လို့ ဒေါက်တာ စိုးထွန်းကပြောပါတယ်။

ပြည်ပကတင်သွင်းလာတဲ့ကားတွေကတော့ ကညနအခွန်တစ်ဝက်လျှော့ချလိုက်တဲ့အပေါ်မှာမူတည်ပြီး ဈေးနှုန်းချရောင်းတာတွေတော့ရှိနေပါတယ်။ ပြည်တွင်းမှာ ကားနဲ့ပတ်သတ်ပြီး မူဝါဒတွေအနေနဲ့ တည်ငြိမ်ဖို့လိုအပ်တယ်လို့ မော်တော်ယာဉ်ရောင်းဝယ်ရေးလုပ်ငန်းရှင်အချို့က သုံးသပ်ပါတယ်။

**Source:** https://www.facebook.com/onenewsmyan/

## နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းယာယီကန့်သတ်မှုကို စက်တင်ဘာ ၃၀ ရက်အထိ တိုးမြှင့်သတ်မှတ်




ညွှန်ကြားချက်အား စက်တင်ဘာ ၃၀ ရက် အထိ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဩဂုတ် ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက မတ် ၂၉ ရက်တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာ ခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလကို COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဩဂုတ် ၃၁ ရက်၊ မြန်မာစံတော်ချိန် ၂၃:၅၉ နာရီအထိ တိုးမြှင့်သတ်မှတ်ခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံအတွင်း COVID– 19 ရောဂါကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေးဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာအရေးပါသဖြင့် ၎င်းညွှန်ကြားချက်၏ သက်ရောက်မှုကာလကို COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃၀ ရက် မြန်မာစံတော်ချိန် ၂၃:၅၉ နာရီအထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက် ကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာပါရှိသည်။

**Source:** https://xinhuamyanmar.com/myanmar/politics-law-military/29228-2020-08-26-11-13-19

## ကုန်စည်စီးဆင်းမှု မပြတ်တောက်ရန် ဆွေးနွေးမှုများပြုလုပ်နေဟု ရခိုင်ပြည်နယ်ကုန်သည်အသင်းပြော

ရခိုင်ပြည်နယ်အတွင်း ကုန်စည်းစီးဆင်းမှုတွေ မပြတ်ထောက်ဖို့အတွက် ဖြေလျှော့မှုတွေပြုလုပ်ပေးဖို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ဆွေးနွေးမှုတွေပြုလုပ်နေတယ်လို့ ရခိုင်ပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်း ဥက္ကဋ္ဌ ဦးတင်အောင်ဦးကပြောပါတယ်။ လက်ရှိ ရခိုင်ပြည်နယ်အတွင်းကို ကုန်တင်ယာဉ်တွေ အသစ်ဝင်ရောက်မှုမရှိတဲ့အတွက် ကုန်စည် စီးဆင်းမှု ရပ်တန့်သွားတဲ့အခြေနေရှိနေတယ်လို့ ကုန်စည်ပို့ဆောင်ရေး ဂိတ်မှူးတွေကပြောပါတယ်။ အဲဒါကြောင့် ကုန်စည်စီးဆင်းမှု မပြတ်ထောက်အောင် သက်ဆိုင်ရာတွေနဲ့ညှိနှိုင်းနေပြီး မကြာမီပြေလည် သွားနိုင်တယ်လို့

ဦးတင်အောင်ဦးကပြောပါတယ်။ "ကိုဗစ်ကြောင့် အခက်အခဲအနည်း အများကတော့ ခံစားကြရမှာပဲ။ အသင်းအနေနဲ့တော့ ကုန်စည်စီးဆင်းမှုကို ဘယ်လိုလွယ်ကူအောင် ဘယ်လိုဖြေလျှော့မှုတွေလုပ်နိုင်မလဲ ဘယ်လိုလုပ်နိုင်မလဲဆိုတာတောက်လျှောက် သက်ဆိုင်ရာနဲ့ညှိနှိုင်းနေပါတယ်။ နောက်သုံးလေးရက်လောက်ဆိုပြေလည်သွားနိုင်တယ်လို့ ယူဆထားပါတယ်" လို့ ဦးတင်အောင်ဦးက ပြောပါတယ်။



ရခိုင်ပြည်နယ်အတွင်းကို ရန်ကုန်၊ မန္တလေးတိုင်းဒေသကြီးနဲ့ နယ်မြေထိစပ်မှုရှိတဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေက ကုန်တင်ယာဉ်တွေဝင်ရောက်ခဲ့တာပါ။ ပြည်နယ်အတွင်း Covid 19 ပြည်တွင်းကူးစက်မှုတွေ ဖြစ်ပွားလာတာကြောင့် နိုင်ငံတော်အစိုးရက ဒေသအတွင်းနေထိုင်သူတွေကို အိမ်မှာပဲနေထိုင်ဖို့ထုတ်ပြန်ခဲ့ပါတယ်။ ဒါ့အပြင် ပြည်နယ်အတွင်း သွားလာသူတိုင်းကို အသွားအလာကန့်သတ်နေထိုင်ရမယ်လို့လည်း ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီလိုဖြစ်စဉ်တွေကြောင့် ပြည်နယ်အတွင်း ကုန်တင်ကားဝင်ရောက်မှုနည်းလာပြီး ကုန်စည်စီးဆင်မှုပြတ်ထောက်မှာကို စိုးရိမ်နေကြတာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်း ကုန်ပစ္စည်းတွေပြတ်တောက်မှုမရှိအောင် ကုန်တင်ကားတွေကို လမ်းကြောင်းသတ်မှတ်ပြီး သွားလာနိုင်ဖို့ ခွင့်ပြုသင့်တယ်လို့ စစ်တွေမြို့ရှိကုန်စည်းပို့ဆောင်ရေးဂိတ်မှူး အကြံပြုပြောဆို ပါတယ်။ "အခုလိုကုန်ကားတွေ သွားလာရခက်ခဲ့ရင် မကြာခင်ကုန်ပစ္စည်းတွေ ပြတ်သွားနိုင်ပါတယ်။ ဒါကြောင့် ကုန်ကားတွေကို လမ်းကြောင်းသတ်မှတ်ပြီး ကျန်းမာရေးစစ်ဆေးမှုတွေ ပြုလုပ်ဆောင်ရွက်သင့်ပါတယ်။ အခုကုန်ကားတွေ မသွားရတာတွေ များလာတဲ့အတွက် ကြောက်လန့်ပြီး မလာတာတွေများနေတယ်" လို့ စစ်တွေမြို့ ကုန်စည်ပို့ဆောင်ရေး ဂိတ်မှူး ဦးဝင်းရွှေက ပြောပါတယ်။

စစ်တွေမြို့ကို အရင်က ကုန်တင်ယာဉ် (၃၀) လောက် ပုံမှန် ဝင်ရောက်မှုရှိခဲ့တယ်လို့သိရပါတယ်။ Covid-19 ဖြစ်ပွားပြီးနောက်ပိုင်း ကုန်တင်ကား (၁၀)စီးဝန်းကျင် ဝင်ရောက်ခဲ့ပြီး နောက်ပိုင်းမှာတော့ ဝင်ရောက်မှုတွေ ထပ်နည်းနိုင်တယ်လို့ ကုန်စည်ပို့ဆောင်ရေး ဂိတ်မှူးတွေကပြောကြပါတယ်။ စစ်တွေမြို့ကို အဓိကဝင်ရောက်နေတဲ့ ကုန်စည်တွေကတော့ မီးဖိုဆောင်သုံးပစ္စည်းတွေနဲ့ ဟင်းသီးဟင်းရွက်တွေဖြစ်ပါတယ်။

**Source:** https://www.facebook.com/onenewsmyan/

## ဘယ်လ်ဂျီယံနိုင်ငံအတွက် ကိုရိုနာဗိုင်းရပ်စ်ရန်ပုံငွေ ယူရို ၇.၈ ဘီလီယံ ဥရောပကော်မရှင်အဆိုပြု

အီးယူအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးအပေါ် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ၏ ရိုက်ခတ်မှုကိုကုစားရန်ကြိုးပမ်းမှုများအားကူညီပေးရန်အတွက် ဥရောပကော်မရှင်က အဆိုပြုထားသည့် ယူရို ၈၁.၄ ဘီလီယံ အထောက်အကူပြုအစီအစဉ်မှ ဘယ်လ်ဂျီယံနိုင်ငံအနေဖြင့် ယူရို ၇.၈ ဘီလီယံ ရရှိမည်ဖြစ်ကြောင်းသိရသည်။ အဖွဲ့ဝင်နိုင်ငံများ၏ အလုပ်လက်မဲ့အခြေအနေနှင့် စီးပွားရေးလုပ်ငန်း အထောက်အကူအစီအစဉ်များကို အားပေးမြှင့်တင်ရန်အတွက် ချေးငွေအစီအစဉ်တစ်ရပ်ဖြစ်သည့် SURE instrument မှအဖွဲ့ဝင်နိုင်ငံများအတွက် ရန်ပုံငွေရရှိရေးအဆိုပြုထားကြောင်း ဥရောပကော်ရှင်ကပြောကြားခဲ့သည်။ ဘယ်လ်ဂျီယံနိုင်ငံက ရရှိမည့် ယူရို ၇.၈ ဘီလီယံသည် လက်ရှိအချိန်ထိ ရန်ပုံငွေလျှောက်ထားသည့် နိုင်ငံပေါင်း (၁၅) နိုင်ငံအနက် စတုတ္ထအများဆုံးဖြစ်သည်။

အီးယူအဖွဲ့ဝင်နိုင်ငံများအနက် ပထမဦးဆုံး အသွားအလာကန့်သတ်မှု (lockdown) ပြုလုပ် ခဲ့ရသည့် အီတလီနိုင်ငံသည်ယူရို ၂၇.၄ ဘီလီယံ၊ စပိန်နှင့်ပိုလန်နိုင်ငံတို့သည် ယူရို ၂၁.၃ ဘီလီယံနှင့် ၁၁.၂ ဘီလီယံတို့ဖြင့် ချေးငွေများအား အသီးသီးလက်ခံရရှိကြမည်ဖြစ်သည်။ ဥရောပကော်မရှင်က အဆိုပြုထားသည့် ချေးငွေပမာဏများကို အီးယူအဖွဲ့ဝင်နိုင်ငံများ၏ ခေါင်းဆောင်များပါဝင်သည့် ဥရောပသမဂ္ဂကောင်စီ၏ အတည်ပြုချက်ရရှိရန်လိုအပ်နေဆဲဖြစ်သည်။

အတည်ပြုချက်ရရှိပါက အီးယူအဖွဲ့ဝင်နိုင်ငံများသည် သက်သာခွင့်များဖြင့်ပေးအပ်သည့် ချေးငွေပုံစံဖြင့် ရန်ပုံငွေများကိုလက်ခံရရှိမည်ဖြစ်ကြောင်း ဥရောပကော်မရှင်ကပြောကြားခဲ့သည်။ SURE ချေးငွေသည် ကပ်ရောဂါ၏ စီးပွားရေးဆိုင်ရာထိုးနှက်မှုမှ အလုပ်သမားများကို အကာအကွယ်ပေးရေး အထောက်အကူပြုအစီအစဉ်များပြုလုပ်ရန်နှင့် အီးယူအဖွဲ့ဝင်နိုင်ငံများ၏ ဘတ်ဂျက်ကို ပံ့ပိုးကူညီပေးရန် အီးယူ၏အဓိကအထောက်အပံ့အစီအမံများနှင့် Safety nets များ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ဇူလိုင်လအတွင်းက အီးယူခေါင်းဆောင်များအကြား သမိုင်းဝင်မာရသွန်ဆွေးနွေးညှိနှိုင်းမှုများပြီးနောက် ယူရို ၇၅၀ ဘီလီယံတန်ဖိုးရှိသည့် ကိုရိုနာဗိုင်းရပ်စ် ပြန်လည်ထူထောင်ရေးအစီအမံကို အတည်ပြုခဲ့ပြီး၊ ယင်းအနက် ယူရို ၃၉၀

ဘီလီယံအား အထောက်အပံ့အဖြစ်လည်းကောင်း၊ ကျန်ရှိသည့်ပမာဏကို ချေးငွေအဖြစ်လည်းကောင်း အသုံးပြုမည်ဖြစ်ကြောင်းသိရသည်။

**Source:** ဘာရပ်ဆဲလ်တိုင်းမ်

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘာရပ်ဆဲလ်**

## ဂျပန်နိုင်ငံထုတ် Pneumatic Valve များအပေါ် ကောက်ခံသည့် Anti-dumping Duty တောင်ကိုရီးယားနိုင်ငံက ဖယ်ရှားပေးခဲ့

ဂျပန်နိုင်ငံမှ ထုတ်လုပ်သည့် လေဖိအားဒဏ်ခံနိုင်သော အဆို့ရှင်ခလုတ် (Pneumatic Valves ) များအပေါ် တောင်ကိုရီးယားအစိုးရက ကောက်ခံနေသည့် Anti-dumping Duty သည် နိုင်ငံတကာစည်းမျဉ်းများကို ချိုးဖောက်နေသည်ဟူသည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ ဆုံးဖြတ်ချက်နှင့်အညီ ယင်းအခွန်များကို ဖယ်ရှားလိုက်ကြောင်း ဂျပန်နိုင်ငံ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန (METI) က ကြေငြာခဲ့ပါသည်။

၂၀၁၅ ခုနှစ်မှ အစပြုကာ အဆိုပါ ကုန်ပစ္စည်းများကို ပြည်တွင်းရှိထုတ်လုပ်သူများ နစ်နာ စေနိုင်သည့် မတန်တဆ ဈေးဖြင့် ဂျပန်နိုင်ငံမှ တင်သွင်းသည်ဟုဆိုကာ တောင်ကိုရီးယားအစိုးရက အခွန် ၁၂ % မှ ၂၃ % အထိ ၅ နှစ်တာကာလ အစီအမံဖြင့်ကောက်ခံခဲ့ပါသည်။ ၎င်းကုန်ပစ္စည်းများကို တစ်ပိုင်းလျှပ်ကူးပစ္စည်းများနှင့် မော်တော်ကား အစိတ်အပိုင်းများ ထုတ်လုပ်သည့် စက်ရုံများတွင် အဓိကအသုံးပြုကြောင်းသိရပါသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ဂျပန်နိုင်ငံက WTO သို့ ၂၀၁၆ ခုနှစ်၊ မတ်လတွင် တိုင်ကြားခဲ့ပြီး ထိုသို့ အခွန်နှုန်းမြင့်မားစွာ ကောက်ခံခြင်းသည် WTO ၏ စည်းမျဉ်းများကို ချိုးဖောက်ရာရောက် ကြောင်းဟု ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအတွင်း WTO ၏ Appellate Body က ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး အခွန်ကောက်ခံမှုနှုန်းကို ပြင်ဆင်သတ်မှတ်ပေးဖို့ တောင်ကိုရီးယားအစိုးရအား တောင်းဆိုခဲ့ပါသည်။

၎င်းအခွန်ကောက်ခံမှုကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့ ည ၁၂ နာရီ တွင် တောင်ကိုရီးယားအစိုးရဘက်က ဖယ်ရှားခဲ့ကြောင်း ဂျပန်နိုင်ငံ၏ စီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန (METI) က ဩဂုတ်လ ၁၉ ရက်နေ့တွင် ကြေညာခဲ့ပါသည်။

ဂျပန်နိုင်ငံအနေဖြင့် အဆိုပါကုန်ပစ္စည်းများကို တန်ဖိုးအားဖြင့် ယန်း ၃.၇ ဘီလီယံ ( အမေရိကန်ဒေါ်လာ ၂၅ သန်း) ခန့် တောင်ကိုရီးယားသို့ နှစ်စဉ်တင်ပို့နေခဲ့ပါကြောင်း၊ ဂျပန်လုပ်ငန်းရှင် များက ၅ နှစ်တာကာလအတွင်း ယန်း ၂ ဘီလီယံခန့်ကို အခွန်အခအဖြစ် ပေးဆောင်နေခဲ့ရပါကြောင်း၊ သို့အတွက် ထိုအခွန်အခများကို အလျင်အမြန်ဖယ်ရှားပေးရန် ဂျပန်နိုင်ငံက တောင်ကိုရီးယားအစိုးရကို ထပ်တလဲလဲတောင်းဆိုခဲ့ကြောင်း၊ ဂျပန်နိုင်ငံက ဦးဆောင်ကြိုးပမ်းခဲ့သည့် WTO ၏ အငြင်းပွားမှု ဖြေရှင်းရေးလုပ်ငန်းစဉ်၏ အကျိုးရလဒ်ကြောင့် ယခုကဲ့သို့ အခွန်နှုန်းဖယ်ရှား ပေးခြင်း ဖြစ်ကြောင်း (METI) က ဝန်ကြီးဌာနက ပြောကြားခဲ့ပါသည်။

**Source: The Nikkei Asian Review**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## အလုပ်လက်မဲ့နှုန်းလျော့ကျသွားသော်လည်း ဆိုးရွားသည့်အခြေအနေမှ မကျော်လွှန်သေးကြောင်း

ဟောင်ကောင်ဒေသ၏အလုပ်လက်မဲ့နှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လတွင်(၆.၁) ရာခိုင်နှုန်းသို့ အနည်းငယ်လျော့ကျခဲ့ကြောင်း၊ သို့သော် ကမ္ဘာ့ကပ်ရောဂါ COVID-19 ကြောင့် စီးပွားရေးကျဆင်းနေရာ အလုပ်လက်မဲ့နှုန်းမှာ ဆိုးရွားနေဦးမည်ဖြစ်ကြောင်း၊ တရုတ်-အမေရိကန် ကုန်သွယ်ရေးစစ်ပွဲ၊ အစိုးရဆန့်ကျင်ဆန္ဒပြမှုများနှင့် ကျန်းမာရေးအကြပ်အတည်း ကမ္ဘာ့ကပ်ရောဂါ COVID-19 ကြောင့် ဟောင်ကောင်ဒေသစီးပွားရေး ဆက်လက်ကျဆင်းနေပြီး အလုပ်လက်မဲ့နှုန်းများ မြင့်တက်လျက်ရှိကြောင်း၊ အလုပ်သမားဈေးကွက်အတွက် ဖိအားများဖြစ်ပေါ်နေမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ မေလနှင့် ဇူလိုင်လ အတွင်း အလုပ်သမားဦးရေ (၁၆,၆၀၀) မြင့်တက်ခဲ့ကြောင်း၊ ဇူလိုင်လအစောပိုင်းတွင် COVID-19 ကူးစက်မှု တတိယလှိုင်းကြောင့်

အသွားအလာကန့်သတ်မှုများ ပြန်လည်ပြုလုပ်ခဲ့ကြောင်း၊ လူ (၂) ဦးထက်ပိုမိုစုဝေးခြင်းကို ကန့်သတ်ခြင်းနှင့် စားသောက်ဆိုင်များကို ညနေ (၆) နာရီမှ နံနက် (၅) နာရီအထိ ဆိုင်တွင်းစားသောက်ရန် ရောင်းချခြင်းများအားကန့်သတ်တားမြစ်ခဲ့ကြောင်း၊ စားသောက်ဆိုင်များ၊ လက်လီအရောင်းဆိုင်များ၊ အစားအစာနှင့် အဖျော်ယမကာများ၊ ဟိုတယ်နှင့်ခရီးသွားလာမှုလုပ်ငန်းများကို ပြင်းထန်စွာထိခိုက်မှုများဖြစ်ခဲ့ကြောင်း၊ ဒေသအစိုးရမှပံ့ပိုးမည့် ဟောင်ကောင်ဒေါ်လာ (၈၁) ဘီလီယံ အစီအစဉ်သာမရှိလျှင် အလုပ်လက်မဲ့နှုန်း (၈) ရာခိုင်နှုန်းမြင့်တက်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်ခြင်းမရှိလျှင် လာမည့် (၃) လမှ (၄) လအတွင်း လုပ်ငန်းများကို ပိတ်သိမ်းရန်မျှော်မှန်းထားကြောင်း၊ စီးပွားရေးလုပ်ငန်းများအနေဖြင့် ဒစ်ဂျစ်တယ်စနစ်ဖြင့် New Normal ကို ဆက်လက်ဆောင်ရွက်သင့်ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ခရီးသွားကန့်သတ်ချက်များကြောင့် ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ရန်မျှော်မှန်းမထားကြောင်း၊ အစားအစာနှင့်အဖော်ယမကာရောင်းချမှုကဏ္ဍတွင် အလုပ်လက်မဲ့နှုန်းမှာ မေပြီနှင့်ဇွန်လအတွင်း (၁၄.၇) ရာခိုင်နှုန်းမြင့်တက်ခဲ့ရာ SARs ရောဂါဖြစ်ပွားစဉ်က (၁၄.၆) ရာခိုင်နှုန်းထက် ပိုများနေကြောင်း၊ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေသည့် အစားအစာဝန်ဆောင်မှု၊ လက်လီရောင်းချမှု၊ တည်းခိုခန်းများတွင် အလုပ်လက်မဲ့နှုန်း (၁၀.၈) ရာခိုင်နှုန်းမြင့်တက်ခဲ့ရာ SARS ရောဂါဖြစ်ပွားစဉ်က (၁၀.၇) ရာခိုင်နှုန်းထက် ပိုများနေကြောင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးကဏ္ဍတွင် တိုးတက်မှုများရှိခဲ့ကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Denise Tsang က " Jobless Rate dips, but Experts say worst not over" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်**

## STOCK EXCHANGE (27.8.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 27th Aug. 2020


**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,900 | +0 | +0.00% | 9,800 | 9,900 | 9,800 | 1,636 | 16,179,600 | 27,112,747 | 268,416 |
| MTSH | 00002 | 3,700 | +0 | +0.00% | 3,700 | 3,700 | 3,700 | 941 | 3,481,700 | 38,929,150 | 144,038 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 215 | 1,677,000 | 10,400,986 | 81,128 |
| FPB | 00004 | 21,500 | +0 | +0.00% | 21,500 | 21,500 | 21,500 | 201 | 4,321,500 | 2,472,053 | 53,149 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 64 | 172,800 | 12,823,224 | 34,623 |
| EFR | 00006 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 20 | 62,000 | 19,977,223 | 61,929 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 432.33 | +0.00 | +0.00% | 430.50 | 432.33 | 430.50 | 3,077 | 25,894,600 | 6 | 643,283 |

**Index chart**



# Market Overview

As of 1:00 pm, 27th Aug. 2020

| MYANPIX | 432.33<br>▲ 0.00 |
|---|---|
| Total Volume (shares) | 3,077 |
| Total Value (MMK) | 26 mil |
| Listed Company | 6 |
| Market Cap. (MMK) | 643,283 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,900 | ▲ 0 |
| MTSH | 00002 | 3,700 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 21,500 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 3,100 | ▲ 0 |

TIR